ကုလားတန်းကျေးရွာအုပ်စု၊ ကုလားတန်းကျေးရွာ
ကျောက်တန်းမြို့နယ်



ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက် (၂၀၂၅-၂၀၃၀)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ
ကုလားတန်းကျေးရွာ၊ ကုလားတန်းကျေးရွာအုပ်စု၊ ကျောက်တန်းမြို့နယ်
(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး၀န်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၂၅ခုနှစ်၊ အောက်တိုဘာ လ (၂၁) ရက်

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ	
		မှ	ထိ
၁	စကားချီး	၂	၃
၂	ကျေးရွာ၏ သယံဇာတပြမြေပုံ	၄	၄
၃	ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်	၅	၅
၄	ကျေးရွာ၏အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ	၆	၆
အပိုင်း(က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ			
၆	တည်နေရာနှင့် ပထဝီအနေအထား	၇	၇
၇	ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ	၇	၇
၈	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	၇	၈
၉	စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ	၈	၈
	(က) သီးနှံစိုက်ပျိုးရေး	၈	၈
	(ခ) မွေးမြူရေးလုပ်ငန်း	၈	၈
	(ဂ) ငါးလုပ်ငန်း	၉	၉
	(ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၉	၉
	(င) ဘဏ်နှင့် ငွေးကြေးဆိုင်ရာဝန်ဆောင်မှု	၉	၉
၁၀	အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ	၉	၁၀
၁၁	ပညာရေး	၁၀	၁၀
၁၂	ကျန်းမာရေး	၁၀	၁၁
၁၃	ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၁	၁၁
၁၄	ကျား-မရေးရာ	၁၁	၁၁
၁၅	ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ	၁၁	၁၄
အပိုင်း (ခ) စီမံချက်ဆိုင်ရာအချက်အလက်များ			
၁၆	ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	၁၅	၁၅
၁၇	စီမံချက်ဆိုင်ရာ အချက်အလက်များ	၁၆	၁၇
နောက်ဆက်တွဲများ			
၁၈	ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ	၁၈	၇၀
၁၉	ကျေးရွာဖွံ့ဖြိုးရေးဗျူဟာဇယားမှ အခြေပြုဇယား	၇၀	၇၂

စကားချီး

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်သည် ၂၀၂၅/၂၀၂၆ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၉/၂၀၃၀ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာလူထုများကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများနှင့် ရန်ပုံငွေပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊**ကျောက်တန်း**မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ စီမံကိန်း တာဝန်ခံဝန်ထမ်းများအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့်အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ထပ်ဆင့်ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သော နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်သော နည်း**လ**မ်းကို အသုံးပြု၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အစီအစဉ်ရေးဆွဲနိုင်ရေးအတွက် ကျေးရွာ၏ ဖွံ့ဖြိုးရေးစိတ်ပါဝင်စားပြီး ရေးတတ်ဖတ်တက်ကျွမ်းကျင်သူ လူငယ်(၂၁)ဦးစီအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ သင်တန်းတက်ရောက်၍ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များ ရေးဆွဲရာတွင် အထောက်အပံ့ဖြစ်စေရန် ပါဝင်ကူညီ ဆောင်ရွက်စေခဲ့ပါသည်။ ဤလုပ်ငန်းစဉ်များကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်းများ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှုပေါ်ပေါက်လာသည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏

ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေး အခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအခြေအနေများပါဝင်ပြီး၊ အပိုင်း (ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများနှင့် အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ကုလားတန်းကျေးရွာ၊ကုလားတန်းကျေးရွာအုပ်စု
ကျောက်တန်းမြို့နယ်

ကုလားတန်းကျေးရွာ၊ ကျောက်တန်းမြို့နယ်၊ သယံဇာတပြမြေပုံ



ကုလားတန်းကျေးရွာ၊ ကျောက်တန်းမြို့နယ်၊ ရာသီခွင်ပြ ပြက္ခဒိန်

အကြောင်းအရာ	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာဇို	ဝါဆိုတို	တပေါင်း
ရာသီဥတု	☀	☀	☁	☁	☁	☁	☁	☀☁	☀☁	☀☁	☀☁	☀☁
အလုပ်အကိုင်	လယ်	လယ်	လယ်	လယ်				လယ်	ကျပန်း	ကျပန်း	ကျပန်း	ကျပန်း
သဘာဝဘေး	မီးဘေး	မီးဘေး	မီးဘေး	-	-	-	-	-	အအေးလှိုင်းဖြတ်	-	-	မီး ဘေး
ပွဲတော်	သင်္ကြန်	ညောင်ရေသွန်း	-	ဝါဆိုသင်္ကန်း	-	-	မီးထွန်းပွဲ	ကထိန်ပွဲ		ဘုရားပွဲ		ရှင်ပြုအလှူပွဲ
သောက်ရေ	လုံလောက်	လုံလောက်	-	-	-	-	-	-	-	-	-	လုံ လောက်
နွေစပါး	ရိတ်သိမ်း	-	-	-	-	-	-	မျိုးကျဲ	ရေတင်၊ မြေဩဇာကျွေး	မြေဩဇာကျွေး	မြေဩဇာကျွေး၊ ရေလျှော့	ရိတ် သိမ်း
မိုးစပါး	-	-	မျိုးကျဲ	စိုက်	-	-	ရိတ်သိမ်း	ရိတ်သိမ်း	စပါးခြွေ	-	-	-
မွေးမြူရေး	ဝက်၊ ကြက်၊နွား	ဝက်၊ ကြက်၊နွား	ဝက်၊ ကြက်၊နွား	ဘဲ	ဘဲ	ဘဲ	ဘဲ	ဝက်၊ ကြက်၊နွား	ဝက်၊ ကြက်၊နွား	ဝက်၊ ကြက်၊နွား	ဝက်၊ ကြက်၊နွား	ဝက်၊ ကြက်၊နွား
ကျန်းမာရေးအခြေအနေ	ဝမ်းပျက်	ဝမ်း ပျက်	ရာသီတုပ်ကွေး	ရာသီတုပ်ကွေး			ရာသီဖျား	ရာသီ ဖျား	-	-	_	ဝမ်း ပျက်
ဝင်ငွေ	▲▲▲	▲▲▲	▲▲	▲	▲▲	▲▲	▲▲▲▲	▲▲▲▲	▲▲▲	▲▲▲	▲▲	▲▲
ထွက်ငွေ	▲▲▲	▲▲▲	▲▲▲▲	▲▲▲	▲▲▲	▲▲▲	▲▲▲	▲▲▲	▲▲▲	▲▲▲▲	▲▲▲	▲▲▲


☀ နွေရာသီ ▲ အလွန်နည်း ▲▲ နည်း

☁ မိုးရာသီ

☀☁ ဆောင်းရာသီ/ပွင့်လင်းရာသီ ▲▲▲အသင့်အတင့်

▲▲▲▲ များ

ကျောက်တန်း မြို့နယ်၊ ကုလားတန်းကျေးရွာ၊ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ



အပိုင်း(က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ

(၁) တည်နေရာအနေအထားနှင့် ပထဝီအနေအထား

ကုလားတန်းကျေးရွာသည် ကျောက်တန်း မြို့နယ်နှင့် အရှေ့တောင်သွယ်တန်းလျှက် (၃၄)မိုင်ခန့် အကွာတွင် တည်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးအရ သွားလာရလွယ်ကူပြီး ကျောက်တန်းမြို့နယ်မှ မှော်ဝန်းချောင်းကိုဖြတ်၍တစ်ဆင့်ပန်းတောလမ်းမကြီးမှတစ်ဆင့် ရာသီမရွေး သွားလာနိုင်ပါသည်။ကုလားတန်းကျေးရွာ၏မြောက်ဘက်တွင်ကမာလမ်းကျေးရွာ၊ ကမာကလုတ်ကျေးရွာတည်ရှိပါသည်။ ကုလားတန်းကျေးရွာသည် မြေပြန့်ဒေသဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပါသည်။ စပါးကိုအဓိကထား စိုက်ပျိုးကြပါသည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မ ၄၀**မှ** ၅၅ ဝန်းကျင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက်များစွာအထောက်အကူပြုပါသည်။ကျေးရွာတည်ရှိမှုမှာ မြေပြန့်ဒေသဖြစ်ပြီးမုတ္တမပင်လယ်ကွေ့နီးခြင်းကြောင့် မိုးများဒေသ ဖြစ်ပါသည်။

(၂)ရာသီဥတုနှင့် သဘာဝအရင်းအမြစ်

ကုလားတန်းကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်သည့် ကျေးရွာဖြစ်ပါသည်။မေလမှ နိုဝင်ဘာလထိမိုးရွာသွန်းပြီး စပါးစိုက်ပျိုးကြပါသည်။နိုဝင်ဘာလနောင်းပိုင်းမှ ဧပြီလထိရာသီဥတုသာယာပြီးဆောင်းသီးနှံများစိုက်ပျိုးရိတ်သိမ်းကြပါသည်။ရွာအတွင်းလယ်မြေ အသင့်အတင့်ရှိပြီး မြေဆီမြေဩဇာကောင်းမွန်ပါသည်။ ထွန်ယက် စိုက်ပျိုးနိုင်သည့် လယ်ယာမြေ ဧကများရှိပြီး ကျေးရွာအတွင်း သဘာဝတွင်းထွက် သယံဇာတများ မထွက်ရှိပါ။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကုလားတန်းကျေးရွာအတွင်း အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့(၁)ဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ မီးလင်းရေး အဖွဲ့၊ ရေပေးရေးအဖွဲ့၊ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့၊ လူမှုကူညီရေးအဖွဲ့များလည်း ရှိပါ သည်။ကျေးရွာအတွင်း ဖွဲ့စည်းထားသည့် အစုအဖွဲ့များသည် မိမိတို့နှင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဖြစ်သည့် လုပ်ငန်းတာဝန်များအား တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြပါသည်။ ပြင်ပမှ လူမှုရေး အဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်မှု အတန်အသင့် ကောင်းမွန် ကြောင်းတွေ့ရှိရပါသည်။ သက်ဆိုင်ရာ ဌာနဆိုင်ရာ အဖွဲ့အစည်းအနေဖြင့် မြို့နယ် လျှပ်စစ်ဦးစီး ဌာနနှင့် မြို့နယ်ကျေးလက်ဦးစီးဌာနတို့မှ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုဆောင်ရွက်ပေးပါသည်။အခြားဌာနဆိုင်ရာ အဖွဲ့အစည်းများ အနေဖြင့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ကျန်းမာရေးဆိုင်ရာအသိ ပညာပေးကိစ္စရပ်များ တစ်ခါတစ်ရံသာ ရှိပါသည်။

(၄) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ အသင့်အတင့်ရှိပါသည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စု၏ ၃၁% သည် အဆင်ပြေသောအိမ်ထောင်စု၊ ၂၀% သည် အလယ်အလတ်အိမ်ထောင်စု၊ ၃၆ %သည် ဆင်းရဲသောအိမ်ထောင်စုနှင့် ၁၃%သည် အလွန်ဆင်းရဲသောအိမ်ထောင်စုအဖြစ် သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်မြေပိုင်ဆိုင်မှု အသင့်အတင့်သာရှိပြီး တောင်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပါသည်။ အခြားသော စိုက်ပျိုးရေးသုံး၊ လယ်ယာမြေသုံးစက်ကိရိယာများ ပိုင်ဆိုင်မှုမရှိဘဲ ငှားရမ်းပြီး ထွန်ယက်စိုက်ပျိုးကြရပါသည်။ စိုက်ပျိုးရေဖြင့် စိုက်ပျိုးနိုင်သည့် ရေအရင်းအမြစ်မရှိခြင်းကြောင့် မိုးရာသီကာလတွင်သာ စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင် ကြရပါသည်။ ကျေးရွာ၏ စိုက်ပျိုးမြေများနှင့် ကျေးရွာ၏ ရာသီဥတုအနေအထားသည် စိုက်ပျိုး သီးနှံများ စိုက်ပျိုးရန်အတွက် အဆင်ပြေသောကြောင့် ကျေးရွာစီးပွားရေး အနေအထားမှာ အသင့်အတင့် ကောင်းသည်ဟု ပြောနိုင်ပါသည်။ သို့သော် သီးနှံပေါ်ခြိုန်တွင် ဈေးနှုန်းများကျဆင်းမှု၊ မြေဩဇာများ ဈေးနှုန်းမြင့်မားမှုနှင့် ဈေးကွက်လက်လှမ်းမီမှု နည်းပါးခြင်းများကြောင့် အမြတ်ရရှိမှု နည်းပါးပါသည်။ ချမ်းသာသော စိုက်ပျိုးရေးလုပ်ကိုင်သည့် အိမ်ထောင်စုများအပြင် အခြား အိမ်ထောင်စုအချို့မှာလည်း လက်သမား၊ ပန်းရံ၊ စိုက်ပျိုးရေး နေ့စားစသည့် ကျပန်းလုပ်ငန်းများ တွင်လည်း ဝင်ရောက်လုပ်ကိုင်ကြပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကုလားတန်းကျေးရွာတွင် နွားမွေးမြူရေးလုပ်ငန်းကို တစ်နိုင်တစ်ပိုင် မွေးမြူလုပ်ကိုင်သည့် အိမ်ထောင်စု(၁၂)စုမှ ကောင်ရေ(၂၅) ကောင် မွေးမြူထားကြပါသည်။ အခြားသော တိရစ္ဆာန်မွေးမြူရေးအနေဖြင့် ဝက်၊ ကြက်၊ ဆိတ်၊ ဘဲ မွေးမြူမှု အနည်းငယ်သာရှိပါသည်။ မျိုးကောင်းမျိုးသန့်များ ရရှိနိုင်မှုမရှိခြင်း၊ ဈေးကွက် လက်လှမ်းမီမှုမရှိခြင်း၊ ဆောင်ရွက်ရန် ငွေကြေးအရင်းအနှီးများ၊ နည်းပညာများမရှိခြင်းနှင့် စားကျက်မြေနှင့် တိရစ္ဆာန်အစာများ ရှားပါးခြင်းတို့ကြောင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းမရှိပါ။စိုက်ပျိုးရေးကိုသာ ဘိုးစဉ်ဘောင်ဆက်လုပ်ကိုင်လာခြင်းနှင့် မွေးမြူရေး ဆောင်ရွက်ရန် ငွေကြေးအရင်းအနှီး မရှိခြင်းတို့ကြောင့် မွေးမြူရေးလုပ်ငန်းများအား စီးပွားဖြစ်လုပ်ကိုင်မှု မရှိသည်ကို တွေ့ရှိရပါသည်။

(ဂ)ငါးလုပ်ငန်း

ကုလားတန်းကျေးရွာသည် မုတ္တမပင်လယ်ကွေ့နှင့် နီးပြီးတည်ရှိသောကြောင့် ရေလုပ်ငန်း လုပ်ကိုင်သူအနည်းငယ်သာရှိပါသည်။

(ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောလုပ်ငန်းများ

ကုလားတန်းကျေးရွာတွင် အဓိကထုတ်ကုန်လုပ်ငန်းမရှိပါ။ ပန်းရံ၊ လက်သမားများ၏ ဆရာအဆင့်မှာ ၁၅၀၀၀/ကျပ် မှ ၃၀၀၀၀/ကျပ်အထိ ရပါသည်။ အလုပ်ကြမ်းသမား အဆင့်မှာ ၁၂၀၀၀မှ ၁၅၀၀၀ ရရှိကြပါသည်။ သီးနှံများ ခူးဆွတ်ရိတ်သိမ်းချိန်များ ၊အခြားသောကျေးရွာအတွင်း စိုက်ပျိုးရေး လုပ်ငန်းများ ဆောင်ရွက်ချိန်များတွင် အမျိုးသားများနှင့် တန်းတူ အမျိုးသမီးများလည်း

တစ်နေ့လျှင်လုပ်အားခမှာ(၁၂၀၀၀)မှ(၁၅၀၀၀)ကျပ်အထိ ရရှိကြပါသည်။ **ကုလားတန်း**ကျေးရွာတွင် လုပ်အားခရရှိမှုမှာ အမျိုးသားနှင့်အမျိုးသမီး တူညီစွာရရှိကြပါသည်။ကျေးရွာတွင် အလုပ် လုပ်နိုင်သူ ဦးရေ များပြားခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးနှင့် လူသားအရင်းမြစ်အတွက် အလားအလာကောင်း တစ်ရပ်ဖြစ်ပါသည်။ စက်ချုပ်သင်တန်း၊ ဆံပင်အလှပြင် သင်တန်း၊ မုန့်လုပ်ငန်း စသည့် အိမ်တွင်းမှုလုပ်ငန်းများနှင့် ဆိုင်ကယ်ပြင်သင်တန်း၊ စက်ပြင် သင်တန်း၊ ဝါယာထိန်း၊ မိုဘိုင်း ဖုန်းပြင်၊ ကားမောင်း၊ အင်ဂျင်(ဝပ်ရှော့)ပြင်သင်တန်း စသော အသက်မွေးဝမ်းကျောင်းသင်တန်းများ တတ်မြောက်မှုနည်းပါးခြင်းကြောင့် ကျွမ်းကျင်မှု အခြေခံသည့် အလုပ်အကိုင်ရရှိမှု အခွင့်အလမ်း နည်းပါးပါသည်။

(ငး) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကုလားတန်းကျေးရွာမှ တောင်သူများသည် စိုက်ပျိုးရေးလုပ်ငန်းအတွက် မြန်မာ့ လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများကို ချေးယူကြပါသည်။ သို့ရာတွင် ကျေးရွာအနေဖြင့် အိမ်ထောင်စု များပြားပြီး ချေးငွေအား အလုံအလောက် မရရှိခြင်းကြောင့် ပညာရေး၊ ကျန်းမာရေးနှင့် စိုက်ပျိုးရေး လုပ်ငန်းများအတွက် အရေးပေါ်လိုအပ်လာပါက အတိုးပေးချေးသူ/ မိတ်ဆွေ/ ဆွေးမျိုးများထံတွင် ချေးယူရပြီး တစ်လလျှင် အတိုးနှုန်း (၅)ကျပ်မှ(၁၀)ကျပ်နှုန်းအထိ အတိုးကြီးမားစွာဖြင့် ချေးယူကြ ရပါသည်။

(၅) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျွန်ုပ်တို့ကျေးရွာတွင်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးနှင့်ကျေးလက် ကျန်းမာရေး ဆေးပေးခန်းရှိပါသည်။ကျေးရွာနှင့်မြို့ဆက်သွယ်သွားလာရာတွင် လမ်းပန်းဆက်သွယ် ရေးကောင်းမွန်ပါသည်။ ကျေးရွာတွင်းလမ်းများအများစုသည်ကွန်ကရစ်လမ်း ဖြစ်သော မိုးရာသီအချိန်တွင် သွားလာရ အဆင်ပြေပါသည်။ ကျေးရွာ၏ မီးလင်းရေး အနေဖြင့် မဟာဓာတ်အားလိုင်းမှလျှပ်စစ်မီးကို တပ်ဆင်သွယ်တန်းထားပြီးဖြစ်သော်လည်း ငွေကြေး မတတ်နိုင်သည့် အိမ်ထောင်စုများအနေဖြင့် ကွင်းထဲနေအိမ်တွင် နေထိုင်သောအိမ်ထောင်စု များအနေဖြင့် တပ်ဆင်နိုင်ခြင်းမရှိသေးပါ။ ဆက်သွယ်ရေးနှင့် ပတ်သက်ပြီး ဖုန်းလိုင်း၊ အင်တာနက် လိုင်း အတန့်အသင့်ကောင်းမွန်ပါသည်။ ကျေးရွာသူ/သား များအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေး ကဏ္ဍတွင် များစွာ စိတ်ပါဝင်စားလျက်ရှိပြီး အကောင်အထည်ဖော် ဆောင်ရွက်သော လုပ်ငန်း အားလုံး၌ ပြီးမြောက်အောင်မြင်အောင် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်တတ်ကြပါသည်။

(ဇ) ပညာရေး

ကုလားတန်းကျေးရွာသည်အ.ထ.က(ခွဲ)အခြေခံပညာကျောင်းရှိပြီး အထက်တန်း ပညာရေးကို မိမိရွာ၌သာပညာသင်ကြားကြရပါသည်။အထက်တန်းအောင်ပြီးနောက်ကျေးရွာရှိ ကျောင်းသား /သူများ သည် တက္ကသိုလ်/ကောလိပ်တက်ရောက်ရန်အတွက် မြို့သို့သွားရပါသည်။ကျေးရွာတွင်လက်ရှိပညာသင်ကြားနေသောမူလတန်း ကျောင်းသားဦးရေ (၂၂၁)ဦး၊အလယ်တန်း(၁၄၈)ဦးနှင့် အထက်တန်း(၅၉)ဦးရှိပါသည်။ အတန်းပညာ ပြီးမြောက်မှုအနေဖြင့် ကျေးရွာ လူဦးရေ၏ မူလတန်းအဆင့် (၅၄%) ၊ အလယ်တန်းအဆင့်(၁၈%)၊ အထက်တန်းအဆင့်(၁၅%) နှင့် တက္ကသိုလ်/ကောလိပ်ဘွဲ့ရ(၁၃%)ရှိပြီး စာမတတ်သူ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ရွာသူရွာသားများ အားလုံးနီးပါး စာရေးတက်၊ ဖတ်တက်ကြပါသည်။

ယခုအခါတွင် ကျေးရွာ၌ မူလတန်းကို မဖြစ်မနေ တက်ရောက်ကြသော စနစ်ကိုလည်း လိုက်နာကြပါသည်။ ဒေသတွင် ပညာရေးနှင့်ပတ်သက်ပြီး အသင့်အတင့် ကောင်းမွန်ပါသည်။ မူလတန်း ပညာရေးမှာလည်း ပညာ သင်ကြားမှုနှုန်း မြင့်မားသော်လည်း အလယ်တန်းနှင့် အထက်တန်းအထိ ပညာသင်ကြားမှု အသင့်တင့်ရှိပါသည်။

(၇) ကျန်းမာရေး

ကျွန်ုပ်တို့ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိသည့်အတွက် အဆင်ပြေပြီး အရေးပေါ်ကိစ္စရပ်များအတွက် ကမာကလုတ်တိုက်နယ်ဆေးရုံ၊ ကျောက်တန်းမြို့နယ် ပြည်သူ့ဆေးရုံနှင့် ပုဂ္ဂလိကဆေးရုံသို့ သွားရောက် ကုသကြပါသည်။ ကျေးရွာတွင် ကျန်းမာရေးဌာနမှ ကျေးရွာသူ/သားများ၏ ကျန်းမာရေးကိစ္စများ၊ ကာကွယ်ဆေးထိုနှံမှုတို့ကို ဆောင်ရွက်ပေးမှုများ ရှိပါသည်။ ကျေးရွာ၏ သောက်သုံးရေအတွက် မြေသားရေကန်နှင့် စက်ရေတွင်းများမှ ရေကို အသုံးပြုကြပါသည်။ ချမ်းသာသော အိမ်ထောင်စုများက အိမ်သာကိုသစ်သား၊အုတ်ဖြင့် ဆောက်လုပ်ကြပြီး ဆင်းရဲသော အိမ်ထောင်စုများက ဝါးရိုင်ပတ်ဖြင့် ဆောက်လုပ်သုံးစွဲကြသည်။ တစ်ရွာလုံးနီးပါး ယင်းလုံအိမ်သာ သုံးစွဲကြသဖြင့် ယင်ကြောင့် ဖြစ်ပွားတက်သော ဆက်စပ်ရောဂါများဖြစ်ပွားမှု နည်းပါသည်။ စာသင်ကျောင်းတွင်လည်း ယင်လုံအိမ်သာကို စနစ်တကျ ဆောက်လုပ်ထားသဖြင့် ကျောင်းသူ/ သားများအတွက် အသုံးပြုရ လွယ်ကူပါသည်။ ရာသီအကူးအပြောင်းကာလများတွင် တုပ်ကွေး၊ ဝမ်းပျက်/ဝမ်းလျှော ဖြစ်ပွားမှု များပြားပါသည်။

(၈) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်ကျင်ထိန်းသိမ်းရေး

ကျွန်ုပ်တို့ကျေးရွာသည် မြေပြန့်ဒေသဖြစ်၍ မိုးရာသီ၌ ရေကြီးခြင်း၊ ရေလွှမ်းခြင်းများ မရှိပါ။ ရံဖန်ရံခါ မိုးသီးကြွေကျခြင်း၊ လေပြင်းတိုက်ခတ်ခြင်းမှလွဲ၍ အခြား ဘေးအန္တရာယ် ကျရောက်မှုများမရှိပါ။ ကျေးရွာ၏ စပါးစိုက်ခင်းများတွင် ဖျက်ပိုးများ ကျရောက်သဖြင့် ဓါတုပိုးသတ်ဆေးများ သုံးစွဲမှုများပြားလာခြင်း၊ ဓါတုဓာတ်မြေဩဇာများ သုံးစွဲမှု များပြားခြင်း တို့ကြောင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာပါသည်။ တောင်သူများအနေဖြင့် ဓါတုဗေဒ ပိုးသတ်ဆေး များကို အသုံးပြုမှု များပြားလာခြင်းနှင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ် အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ စွန့်ပစ်မှု အားနည်းခြင်းများကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နိုင်ပါသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင် ဆောင်ရွက်ပေးသင့်ပါသည်။

၉။ ကျား/မရေးရာ

ကုလားတန်းကျေးရွာတွင် ကျား၊မရေးရာ ဆက်နွယ်မှုအနေအထားမှာ တည်ငြိမ်ကောင်းမွန်ပါသည်။ မိသားစုများတွင် ကျား၊မတို့၏ အခန်းကဏ္ဍအသီးသီးကို ရပ်ရွာသတ်မှတ်ချက်များအတိုင်း ကျင့်သုံးကြပါသည်။ ကျား၊မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှု၊ ခွဲခြားဆက်ဆံခြင်း ကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့် ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းများရှိ ကျား၊ မအရေ အတွက်မှာ အလွန်ကွာခြားခြင်းမရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်

အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်ပါသည်။ ကျေးရွာတွင် နေ့တွက်လုပ်အားခမှာ အမျိုးသားနှင့် အမျိုးသမီးများ တန်းတူရရှိကြပါသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီး ပါဝင်မှုတို့မှာ အလွန်နည်းပါးလျှက်ရှိသော်လည်း အခြားလူမှုရေးအသင်းအဖွဲ့များတွင် အသင့်အတင့် ပါဝင် ဆောင်ရွက်ကြပါသည်။ ကျား၊မ တန်းတူညီမှုနှင့် ပတ်သတ်၍ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား၊မ တန်းတူညီမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

(၁၀) ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ကုလားတန်းကျေးရွာ၏ စီမံချက်အလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါ သည်။ ကျေးရွာလူထုများသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ် အစည်း အဝေးတွင် စီမံချက်များ၊ ဦးစားပေးအစီအစဉ်များကို ဖော်ထုတ်ခဲ့ကြပါသည်။ တချို့စီမံချက်များ ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် အခြားNGOများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်းလိုအပ်ပါသည်။ ကျေးရွာလူထုမှ ဦးစားပေးနှစ်အလိုက် ရွေးချယ် ဖော်ထုတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများကို သက်ဆိုင်ရာဦးစီးဌာနများ၏ ဘတ်ဂျတ် များတွင် လျာထားဆောင်ရွက်နိုင်ရေးအတွက် ဌာနနှင့် ကျေးရွာလူထုများမှ ဆက်လက်ဆောင်ရွက် သွားရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

စဉ်	စီမံချက်အမည်	ဦးစားပေး အဆင့်	၂၀၂၅ ၂၀၂၆	၂၀၂၆ ၂၀၂၇	၂၀၂၇ ၂၀၂၈	၂၀၂၈ ၂၀၂၉	၂၀၂၉ ၂၀၃၀
၁	ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း (၄၁၀' x ၈' x ၆")	၁	√				
၂	အားကစားကွင်းပတ်လမ်း ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်း (၆၀၀' x ၈' x ၆")	၂		√			
၃	စာကြည့်တိုက်လမ်းသွယ်(၁)လမ်း ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်း (၃၀၀' x ၈' x ၆")	၃		√			
၄	စာကြည့်တိုက်လမ်းသွယ်(၂)လမ်း ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်း (၁၁၀' x ၈' x ၆")	၄		√	√	√	√
၅	ကန်ဟောင်းလမ်း ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်း (၂၀၀' x ၈' x ၆")	၅		√	√	√	√
၆	ခွာညိုလမ်း ကွန်ကရစ်လမ်း ခင်းခြင်းနှင့်Box Culvertဆောက်လုပ်ခြင်းလုပ်ငန်း(၂၀၀' x ၈' x ၆")	၆		√	√	√	√

၇	ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း((၃၀၀'x ၆' x ၆")	၇		√	√	√	√
၈	အနောက်ပိုင်းကန်ခြံစည်းရိုးကာရံခြင်းလုပ်ငန်း(၇၄၅')	၈		√	√	√	√
၉	မြောက်ပိုင်းကန်ခြံစည်းရိုးကာရံခြင်းလုပ်ငန်း (၇၉၅')	၉		√	√	√	√

(၁၁) ကုလားတန်းကျေးရွာ ဦးစားပေးလုပ်ငန်းများ အဆင့်ခွဲခြားသတ်မှတ်ချက်

စဉ်	စီမံချက်အမည်	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၁)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၂)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၃)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၄)	အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၅)	စုစုပေါင်း	အဆင့်
၁	ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း (၄၁၀' x ၈' x ၆")	၁၀	၁၀	၁၀	၁၀	၁၀	၅၀	၁
၂	အားကစားကွင်းပတ်လမ်း ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်း (၆၀၀' x ၈' x ၆")	၁၀	၁၀	၁၀	၁၀	၁၀	၅၀	၂
၃	စာကြည့်တိုက်လမ်းသွယ်(၁)လမ်း ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်း (၃၀၀' x ၈' x ၆")	၈	၁၀	၁၀	၈	၁၀	၄၆	၃
၄	စာကြည့်တိုက်လမ်းသွယ်(၂)လမ်း ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်း (၁၁၀' x ၈' x ၆")	၈	၉	၈	၉	၉	၄၃	၄
၅	ကန်ဟောင်းလမ်း ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်း (၂၀၀' x ၈' x ၆")	၈	၈	၈	၈	၈	၄၀	၅
၆	ခွာညိုလမ်း ကွန်ကရစ်လမ်း ခင်းခြင်းနှင့်Box Culvertဆောက်လုပ်ခြင်းလုပ်ငန်း(၂၀၀' x ၈' x ၆")	၇	၇	၈	၈	၇	၃၇	၆

၇	ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း((၃၀၀'x ၆' x ၆")	၇	၇	၇	၆	၇	၃၄	၇
၈	အနောက်ပိုင်းကန်ခြံစည်းရိုးကာရံခြင်းလုပ် ငန်း(၇၄၅')	၆	၆	၆	၆	၇	၃၁	၈
၉	မြောက်ပိုင်းကန်ခြံစည်းရိုးကာရံခြင်းလုပ်ငန်း(၇၉၅')	၅	၆	၅	၆	၇	၂၉	၉

(၁၂) ကုလားတန်းကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	တာဝန်	မှတ်ချက်
၁	ဦးမြင့်ဦး	ဦးထွန်းခင်	၁၂/ကတန(နိုင်) ၁၀၃၈၁၃	ဥက္ကဋ္ဌ	
၂	ဦးစန်းထွေး	ဦးဖိုးလှိုင်	၁၂/ကတန(နိုင်) ၀၈၅၅၃၅	ဘဏ္ဍာရေးမှူး	
၃	ဦးသန်းအောင်	ဦးကံ	၁၂/ကတန(နိုင်) ၀၃၈၈၇၁	ဝယ်ယူရေး	
၄	ဦးလင်းဦး	ဦးသောင်း	၁၂/ကတန(နိုင်) ၁၀၆၁၂၅	အတွင်းရေးမှူး	
၅	ဒေါ်ရွှေဇင်ဝင်း	ဦးဆန်းရွှေ	၁၂/ကတန(နိုင်) ၁၁၂၉၁၆	အဖွဲ့ဝင်	
၆	ဒေါ် ဇင်မိုးဝင်း	ဦးဆန်းရွှေ	၁၂/ကတန(နိုင်) ၁၀၄၀၄၁	အဖွဲ့ဝင်	
၇	ဒေါ်ပိုးနဒီမင်း	ဦးဇေမင်းထွန်း	၁၂/ကတန(နိုင်) ၁၄၉၅၅၄	စာရင်းကိုင်	

ကုလားတန်းကျေးရွာ ဝယ်ယူရေးဆပ်ကော်မတီစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	တာဝန်	မှတ်ချက်
၁	ဦးမြင့်ဦး	ဦးထွန်းခင်	၁၂/ကတန(နိုင်) ၁၀၃၈၁၃	ဥက္ကဋ္ဌ	
၂	ဦးစန်းထွေး	ဦးဖိုးလှိုင်	၁၂/ကတန(နိုင်) ၀၈၅၅၃၅	ဘဏ္ဍာရေးမှူး	
၃	ဦးသန်းအောင်	ဦးကံ	၁၂/ကတန(နိုင်) ၀၃၈၈၇၁	ဝယ်ယူရေး	

စီမံချက်ဆိုင်ရာ အချက်အလက်များ

စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ (Project Profile)

ကျေးရွာ – ကုလားတန်း ကျေးရွာ ကျေးရွာအုပ်စု – ကုလားတန်း ကျေးရွာအုပ်စု မြို့နယ် – ကျောက်တန်းမြို့နယ် တိုင်း/ပြည်နယ် – ရန်ကုန်	
စီမံချက်အမည် – ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း (၄၁၀' x ၈' x ၆")	
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ ကျေးရွာပြည်သူများလမ်းပန်းဆက်သွယ်ရေးအခက်အခဲ၊လမ်းရေလွှမ်းခြင်းကြောင့် ကွန်ကရစ်လမ်းခင်းရခြင်းဖြစ်ပါသည်။	
စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်) ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းအားဖြင့် လမ်းပန်းဆက်သွယ်ရေး ပိုမို ကောင်းမွန်လာပြီး လူမှုဘဝတိုးတက်လာမည်ဖြစ်သည်။	
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ) ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းအားဖြင့် လမ်းပန်းဆက်သွယ်ရေး ပိုမို ကောင်းမွန်လာပြီး လူမှုဘဝတိုးတက်လာမည်ဖြစ်သည်။	
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏ လုပ်ရမည်) သက်ဆိုင်ရာဦးစီးဌာန၏ ထောက်ပံ့ငွေ၊နည်းပညာအကူအညီနှင့် ကျေးရွာသူ/သားများ၏ လုပ်အား၊ ထည့်ဝင်ငွေ များဖြင့်လုပ်ငန်းအား အရည်သွေးပြည့်မီစွာနှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းအား အောင်မြင်စွာ ဆောင်ရွက်သွားပါမည်။	
စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ၁၅၀၀၀၀၀၀/-(ငွေသား) • ၃၀၀၀၀၀၀/- (ငွေသား) • (ပစ္စည်း/လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၁၀၁၁	၉၇၃	၁၉၈၄	၁၀၀	၁၅၀	၁၉၂	၅၀	၄၉၂
အကျိုးခံစားမည့်သူ ဦးရေ	၁၀၁၁	၉၇၃	၁၉၈၄	၁၀၀	၁၅၀	၁၉၂	၅၀	၄၉၂
မှတ်ချက်။ ချောင်လည်အဆင့် - ၁၊ အလယ်အလတ်အဆင့် -၂၊ ဆင်းရဲ-၃၊ အလွန်ဆင်းရဲ - ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ) - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ - ကျေးရွာလူထု - ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
(၂) စီမံချက်စတင်မည့် အချိန်ခန့်မှန်း -၁၀/၂၀၂၅
(၃) စီမံချက် ပြီးစီးမည့် အချိန် - ၁၁/၂၀၂၅
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် - ကျေးရွာသူ/သားများအနေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းအား အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ငွေအား/လုပ်အား/ကုန်ကြမ်းပစ္စည်းများ ရရှိနိုင်ရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ဆယ်အိမ်မှူး/ ရာအိမ်မှူးများ၊ ကျေးရွာရပ်မိရပ်ဖများမှ ဦးဆောင်၍ ရွာလုံးကျွတ် အစည်းအဝေး ကျင်းပပြုလုပ် ခြင်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ၊ ရပ်မိရပ်ဖများနှင့် ရွာသူရွာသားများ ပူးပေါင်း၍ လုပ်ငန်းများအချိန်မီပြီးစီးရေး၊ အရည်အသွေးပြည့်မှီရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းအတွက် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီနှင့် ရပ်ရွာမှ တာဝန်ပေးအပ်ထားသော သိတတ်နားလည်သည့် ကြီးကြပ်သူများမှ ဦးဆောင်မှုဖြင့် ကျေးရွာသူ/သားများ ပူးပေါင်း၍ လုပ်ငန်းလည်ပတ်နိုင်ရေးနှင့် ငွေကြေးဆိုင် ရာကိစ္စရပ်များအား စနစ်တကျဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူအရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၅	၂	၇	-	-
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၁၇	၃၂	၄၉	-	-
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၁၉	၁၀၂	၂၂၁	-	-
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၇၂	၇၉	၁၅၁	-	-
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၇၆၃	၇၃၁	၁၄၉၄	၁	၂
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၃၅	၂၇	၆၂	-	-
စုစုပေါင်း		၁၀၁၁	၉၇၃	၁၉၈၄		
စုစုပေါင်း အိမ်ထောင်စု		၄၉၂				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ ၆၄နှစ်ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှာ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက် အသက်ကြီးသည့်အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ကုလားတန်းကျေးရွာတွင် နို့စို့အရွယ် ကလေးငယ်ကလေး ကျား(၅)ဦး နှင့် မ(၂)ဦး စုစုပေါင်း(၇)ဦးရှိပါသည်။ (၅)နှစ်အောက်ကလေးငယ် ကျား(၁၇)ဦး၊ မ(၃၂)ဦး စုစုပေါင်း(၄၉)ဦးရှိပြီး ၊မူလတန်းကျောင်းသားအရွယ်ကျား(၁၁၉)၊မ(၁၀၂)စုစုပေါင်း(၂၂၁)ဦး ရှိပါသည်။ အလယ်တန်း တက်ရောက်သည့် ကလေးငယ် ကျား(၇၂)၊ မ(၇၉) စုစုပေါင်း(၁၅၁)ဦးရှိပါသည်။အလုပ်လုပ်နိုင်သည့်အရွယ်ကျား(၇၆၃)၊မ(၇၃၁)စုစုပေါင်း(၁၄၉၄)ဦး ရှိပါသည်။ သက်ကြီးအရွယ် ကျား(၃၅)၊မ(၂၇) စုစုပေါင်း (၆၂) ဦးရှိပြီး ၊ မသန်စွမ်းကျား(၂)ဦးရှိပြီး စုစုပေါင်းလူဦးရေကျား(၁၀၁၁)၊မ(၉၇၃)၊စုစုပေါင်းလူဦးရေ (၁၉၈၄)ဦး ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	လယ်ယာစိုက်ပျိုးရေး							
	ကိုယ်ပိုင်လုပ်ငန်း	၂၅၇	၂၇၅	၂၂	၁၃၅	၁၄၅		မြင့် ☑ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂၂	၄၂					မြင့် ☑ လတ် ☐ နိမ့် ☐
၂	တိရစ္ဆာန် မွေးမြူရေး							
	ကိုယ်ပိုင်လုပ်ငန်း	၄၀	၅၂					မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)							
	ကိုယ်ပိုင်လုပ်ငန်း	၂၃	၃၀					မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား /ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှနရာ <u>တစ်ခုကိုသာ</u> ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၄	သစ်တောလုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၆	ထုတ်ကုန်လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၇	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှနံရာ <u>တစ်ခုကိုသာ</u> ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
								နိမ့် ☐
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၄၀	၅၀					မြင့် ☐ လတ်☐ နိမ့် ☐
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၅	၈					မြင့် ☐ လတ်☐ နိမ့် ☐
၁၁	လက်လီ– လက်ကား ရောင်းဝယ်ရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှနရာ <u>တစ်ခုကိုသာ</u> ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
								နိမ့် ☐
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား	၁၀						မြင့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှနရာ <u>တစ်ခုကိုသာ</u> ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	/ ဝန်ထမ်း							လက်☐ နိမ့် ☐
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၇	ပညာရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၅						မြင့် ☐ လတ်☐ နိမ့် ☐
၁၈	ကျန်းမာရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၉	လူမှုရေး လုပ်ငန်းများ							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား							မြင့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှနှိပ်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	/ ဝန်ထမ်း							လတ်☐ နိမ့် ☐
၂၀	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ							
	ကိုယ်ပိုင်လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား							
၂၁	ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၈၅						မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း	၄၉၂	၄၅၇	၂၂	၁၃၅	၁၄၅		☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ” အရေအတွက်တွင် “မိသားစုဝင်လုပ်အား” ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ “ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)” ဆိုသည်မှာ ဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ –“စိုက်ပျိုးရေး” ကဏ္ဍ၏ “ကိုယ်ပိုင်လုပ်ငန်း”တွင် ရပ်တည်နိုင်မှု “မြင့်” ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ။ကျွန်တော်တို့ကျေးရွာတွင် အဓိကအားဖြင့် လယ်ယာလုပ်ငန်းကိုသာ လုပ်ကိုင် ဆောင်ရွက်ကြပါသည်။ကိုယ်ပိုင်လုပ်ငန်းဖြင့် လယ်ယာလုပ်ငန်းကို(၂၇၀) ဦးလုပ်ကိုင်၍ မိသားစုဝင်လုပ်အား (၂၈၀)ဦးရှိပြီး အမျိုးသမီးဦးဆောင်သော မိသားစု(၂၂)စုရှိပါသည်။ မွေးမြူရေးလုပ်ငန်း (၄၀)ဦး လုပ်ကိုင်၍ မိသားစုဝင်လုပ်အား(၅၂)ဦးရှိပါသည်။ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်းကို (၄၀)ဦး လုပ်ကိုင်၍မိသားစုဝင် လုပ်သား(၅၀)ဦးရှိပါသည်။ ဆံပင်၊အလှပြင်

လုပ်ငန်းကို(၅)ဦးလုပ်ကိုင်၍ မိသားစုဝင်လုပ်သား(၈)ဦးရှိပါသည်။ ယာဉ်မောင်းလုပ်ငန်းကို (၁၀) ဦးလုပ်ကိုင်ပါသည်။ပညာရေးဝန်ထမ်းလုပ်ငန်းကို(၅)ဦးလုပ်ကိုင်ပါသည်။ငါးလုပ်ငန်းလုပ်ကိုင်သူ(၂၃) စုရှိပါသည်။ ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ငန်းလုပ်ကိုင်သူ(၇၇)ဦးရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား
ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၂၀၀၀၀	၁၅၀၀၀	၁၈၀၀၀	၁၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၃၀၀၀၀	၁၅၀၀၀	၁၅၀၀၀	၁၂၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။
မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာသည် လယ်ယာစိုက်ပျိုးရေးကိုသာ အဓိကထား စိုက်ပျိုးကြပါသည်။လယ်ယာစိုက်ပျိုးရေး၌ အလုပ်သမားများ ငှားရမ်းအသုံးပြုရပါသည်။ အမျိုးသား

များ၏ အများဆုံးလုပ်အားခမှာ ၂၀၀၀၀ ကျပ်ဖြစ်ပြီး အနည်းဆုံးလုပ်အားခမှာ ၁၈၀၀၀ ကျပ်ဖြစ်၍ အမျိုးသမီးများ၏ အများဆုံးလုပ်အားခမှာ ၁၅၀၀၀ ကျပ်နှင့် အနည်းဆုံးလုပ်အားခမှာ ၁၃၀၀၀ကျပ် ဖြစ်ကြပါသည်။ ဆောက်လုပ်ရေး၊လက်သမား၊ပန်းရံလုပ်ငန်းတွင် အမျိုးသားများ၏ အများဆုံး လုပ်အားခမှာ ၃၀၀၀၀ ကျပ်ဖြစ်ပြီး အနည်းဆုံးလုပ်အားခမှာ၁၅၀၀၀ကျပ်ဖြစ်၍ အမျိုးသမီးများ၏ အများဆုံးလုပ်အားခမှာ ၁၅၀၀၀ ကျပ် ဖြစ်ပြီး အနည်းဆုံးလုပ်အားခမှာ ၁၂၀၀၀ ကျပ်အထိပေးရပါကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၁၆၂၂	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	-	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ(ကျွန်မျှော)	-	ကောင်း ☐	သင့်☐	ညံ့ ☐
ဓနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်	-	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၁၆၂၂	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင် နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ ကျေးရွာအတွင်းရှိ လူအများစုသည် တောင်သူများဖြစ်ကြသည်။လယ်မြေဧကပေါင်း (၁၆၂၂)ဧကကျော်ခန့်ရှိပြီး မြေဆီလွှာအရည်အသွေးသည် အသင့်အတင့်သာရှိသည်ဟု လေ့လာတွေ့ရှိ ရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ
ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့်☑ နည်း ☐မရှိ ☐	လွယ် ☑ ခက်☐အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐အပြောင်းအလဲမရှိ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☑မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐မရှိ ☑	☒	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော – အပူပိုင်းသစ်တော	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော – ဒီရေတောများ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ်..... ဦးတည်အုပ်စုဆွေးနွေးခြင်း -
ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။
လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ကျေးရွာ၏ မြေအမျိုးအစားမှာ ယခင်ကနုန်းတင်မြေနု အမျိုးအစားဖြစ်ပြီးသတ္တုနှင့် အခြားတွင်းတွက်ပစ္စည်းများမရှိပါ။သဘာဝအပင်မျိုးစိတ်များ အနည်းငယ်သာရှိပါသည်။ သဘာဝတိရိစ္ဆာန်များလည်း သင့်တင့်မျှသာရှိပါသည်။ သဘာဝမြေအောက်ရေရရှိရေးအတွက် စက်ရေတွင်းနက်နှင့် ရေကန်များသာရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ
ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေေ အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်ေသောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	အသင့်အတင့်	အသင့်အတင့်	များ	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၀၀	၁၅၀	၁၉၂	၅၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။
လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ကျေးရွာတွင် မပြေလည်သောအိမ်ထောင်စုနှင့် အလွန်မပြေလည်သောအိမ်ထောင်စုမှာ (၂၄၂)ဦးဖြစ်သည့်အတွက် အိမ်ခြေ(၄၅၀)အိမ်တွင် ဆင်းရဲသောအိမ်ထောင်စုမှာ ရာခိုင်နှုန်းအရ ၄၉%ခန့် ရှိပါသည်။ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ လုပ်ငန်းကိရိယာ မပြည့်စုံခြင်းတို့ကြောင့် ကျေးရွာဖွံ့ဖြိုးမှုအတွက် အခက်အခဲ အသင့်အတင့်ဖြစ်ပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက် ဝမ်းစာဖူလုံမှု	၂၄၂		အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၇၀ ချေးယူ = ၉၀ လုပ်အားခကြိုယူ = ၈၂
၃လနှင့်၆လ ကြားဝမ်းစာဖူလုံမှု	၁၅၀		အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၅၀ ချေးယူ = ၅၀ လုပ်အားခကြိုယူ =၅၀
၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု	၁၀၀		အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့်"၃"နှင့်"၄"အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ဝမ်းစာဖူလုံမှုစာရင်း ကောက်ယူရာတွင့် လေ့လာတွေ့ရှိချက် များမှာ ကျေးရွာ၏ မပြေလည်သော အိမ်ထောင်စုနှင့် အလွန်မပြေလည်သော အိမ်ထောင်စု(၂၄၂) ဦးမှာ အခြားအစာ ပြောင်းလဲစားသောက်ခြင်းမရှိပါ။ စျေးနှုန်းသင့်တင့်သော အစားအသောက်များကို ရွေးချယ် စားသောက်ပြီး၊ လုံလောက်မှုမရှိပါက ပြင်ပမှချေးယူစားသောက်ပြီး ငွေချေးယူခြင်းနှင့် အခက်အခဲများရှိကာ လုပ်အားခ ကြိုတင်ထုတ်ယူခြင်းများသာရှိပါသည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ဖြင့်နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	၁၃		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု	၃၀		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာတွင် ကူညီထောက်ပံ့မှု အထူးလိုအပ်သော ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖို/တစ်ခုလပ် (၁၃)ဦးရှိပြီး အခြားဒေသသို့ ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်လူဦးရေ(၃၀)ဦးရှိ၍ မိသားစုအလိုက် ကူညီထောက်ပံ့မှု အနည်းအကျဉ်းသာရှိပြီး အလွန်ခက်ခဲသော အိမ်ထောင်စုများအား ကျေးရွာရပ်မိရပ်ဖများနှင့် ပရဟိတအဖွဲ့များမှာ အနည်းအကျဉ်းသာ ကူညီနိုင်ပါသည်။

(c-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉)

ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု	✓				✓	
၂	လျှပ်တပြတ်ရေကြီးခြင်း	✓				✓	
၃	မုန်တိုင်းဒီရေ	✓				✓	
၄	ဆူနာမီ	✓				✓	
၅	တိုင်ဖုန်းမုန်တိုင်း	✓				✓	
၆	လေဆင်နှာမောင်း	✓				✓	
၇	ငလျင်	✓				✓	
၈	အပူလှိုင်း	✓				✓	

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု	✓				✓	
၁၀	အအေးလှိုင်း	✓				✓	
၁၁	မိုးသီးကြွေကျမှု	✓				✓	
၁၂	မိုးခေါင်ခြင်း	✓				✓	
၁၃	တောမီးလောင်ခြင်း	✓				✓	
၁၄	မြစ်ကမ်းပါးပြိုခြင်း	✓				✓	
၁၅	ကမ်းရိုးတန်းတိုက်စားမှု	✓				✓	
၁၆	မြေပြိုခြင်း	✓				✓	
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု	✓				✓	
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)	✓				✓	
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း	✓				✓	
၂၀	သစ်တောပြုန်းတီးခြင်း	✓				✓	
၂၁	ငှက်ဖျားရောဂါ	✓				✓	
၂၂	တီဘီရောဂါ	✓				✓	
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	✓				✓	
၂၄	ကပ်ရောဂါ		✓			✓	
၂၅	ပြည်တွင်းပဋိပက္ခ		✓			✓	
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	✓				✓	
၂၇	လူကုန်ကူးခြင်း	✓				✓	
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ် ရေးခက်ခဲခြင်းစသည်	✓				✓	

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။
မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း ၊မိုးခေါင်ခြင်းစသည့် အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော

အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။အိမ်ထောင်စုဝင်၂၅အိမ်ထောင်စုအောက် – နိမ့်အိမ်ထောင် စုဝင်၂၅မှ၅၀အိမ်ထောင်စု – လတ်၊ အိမ်ထောင်စုဝင်၅၀အထက် – မြင့်)

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ကျေးရွာသည် သဘာဝဘေးအန္တရာယ်များဖြစ်သော ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ ငလျင်လှုပ်ခြင်းများ၊ မီးဘေး၊ မုန်တိုင်းတိုက်ခတ်ခြင်းများတွင် အခြားမြို့နယ်များနည်းတူ သက်ရောက်မှုအနည်းငယ်သာ ရှိပါသည်။ဌက်ဖျားရောဂါနှင့် တီဗီရောဂါများ ရှိခဲ့သော်လည်း ဆေးရုံဆေးခန်းများတွင် စနစ်တကျကုသ၍ ပျောက်ကင်းကြပါသည်။

(c-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု အခြေအနေ (မှန်ရာတစ်ခုကိုသာ ရွေးရန်)			စွမ်းဆောင်နိုင်မှု (**ထိခိုက်မှု**လျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့်အ စီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်		✓			✓	
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု			✓		✓	
၃	ဆင်းရဲသားတောင်သူ			✓		✓	
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	✓			✓		
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ	✓			✓		
၆	မတော်တဆမှုဖြစ်နိုင်ချေများေသာနေရာတွင်နေထိုင်သူများ	✓			✓		
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)	✓			✓		
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	✓			✓		
၉	ငါးကန်ပိုင်ရှင်များ	✓			✓		
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ			✓		✓	
၁၁	လူနည်းစုလူမျိုးများ	✓			✓		
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင	✓			✓		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု အခြေအနေ (မှန်ရာတစ်ခုကိုသာ ရွေးရန်)			စွမ်းဆောင်နိုင်မှု (**ထိခိုက်မှု**လျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့်အ စီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
	နေထိုင်သူများ						
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	✓			✓		
၁၄	ရွှေတွင်းလုပ်သားများ	✓			✓		
၁၅	လှည့်လည်သွားလာ၍စျေးရောင်းသူများ	✓			✓		
၁၆	နေရပ်ပြန်အခြေချသူများ	✓			✓		
၁၇	ရွှေ့ပြောင်းလုပ်သားများ	✓			✓		
၁၈	ကားမောင်းပြီးအသက်မွေးသူများ	✓			✓		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာပါက လူငယ်၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု၊ ဆင်းရဲသောတောင်သူများနှင့် လက်လုပ်လက်စားများ အုပ်စုသည် ထိခိုက်သက်ရောက်မှု အများဆုံး ခံရနိုင်သည့်အုပ်စု ဖြစ်ပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့	၁☐၂☑၃☐	၄၀	-	၄၀	ပညာရေး☑ ဌေကြေး☑ ကျန်းမာရေး☑ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☐ သင့်☑ ညံ့☐
၂	အမျိုးသမီးေေးရာအဖွဲ့	၁☐၂☑၃☐		၃၀	၃၀	ပညာရေး☑ဌေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐
၃	မီးလင်းရေးကော်မတီ	၁☐၂☑၃☐	၇	-	၇	ပညာရေး☐ဌေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐
၄	ရေပေးရေးအဖွဲ့	၁☐၂☑၃☐	၇	-	၇	ပညာရေး☐ဌေကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☐ သင့်☑ ညံ့☐

စဉ်	အဖွဲ့အစည်း အမည်	အမျိုး အစား (မှန်ရာတစ် ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်။)	စွမ်းဆောင် နိုင်မှု(မှန်ရာ တစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၅	မြစိမ်းရောင် စီမံကိန်း လုပ်ငန်း အဖွဲ့	၁☐၂☑၃☐	၃	၄	၇	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☑ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐
၆	လူမှုကူညီ ရေးအဖွဲ့	၁☐၂☑၃☐	၂၅	-	၂၅	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐
၇	ကျေးရွာဖွံ့ ဖြိုးရေး ကော်မတီ	၁☐၂☑၃☐	၅	၂	၇	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐လုံခြုံရေးနှင့်ကာကွယ်ရေး ☐	ကောင်း☐ သင့်☑ ညံ့☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ဆက်နွယ်နေသော အမျိုးသမီး ရေးရာအဖွဲ့၊မီးလင်းရေးအဖွဲ့၊ ရေပေးရေးအဖွဲ့၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့၊ လူမှု ကူညီရေးအဖွဲ့နှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့တို့ ရှိပါသည်။ ၎င်းအဖွဲ့အစည်းများသည် ကျေးရွာအတွင်း ဖြစ်ပေါ်သည့် ကိစ္စရပ်များတွင် သက်ဆိုင်သည့်အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းများ ဆောင်ရွက်ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့သည် ပြင်ပ အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်း အားလုံးတွင် ဆောင်ရွက်ရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁☐၂☑၃☐၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☑ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၂	-	၁☐၂☐၃☐၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၃	-	၁☐၂☐၃☐၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၄	-	၁☐၂☐၃☐၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၅	-	၁☐၂☐၃☐၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၆	-	၁☐၂☐၃☐၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ -ခမ္မစကူးလ်ဖောင်ဒေးရှင်း၊ **Christian Aid Missions** စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – **Care International, Save the Children, Gret, BNK Microfinance**စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ(ဥပမာ ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ **GIZ, UKAid, USAid,** စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မဒေသအကျိုး၊ပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**၏မြစိမ်းရောင်စသည်) တို့ကို ဤဇယားတွင် <u>ထည့်သွင်းဖော်ပြခြင်းမပြုပါရန်</u>။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်သော ပြင်ပအဖွဲ့အစည်း မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၂၃၅	၅	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၄၂	၂	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၇၀	၅	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၉၀	၈	တောင်သူလတ်
၅	၁၂.၅ဧကအထက်	၅၅	၂	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၄၉၂	၂၂	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။။။ကျွန်တော်တို့တွင် ၂.၅ဧကအောက်လယ်ယာမြေပိုင်ဆိုင်သောအိမ်ထောင်စု(၄၂)ဦးရှိပြီး ၂.၅ဧကနှင့် ၅ဧကကြားပိုင်ဆိုင်သောအိမ်ထောင်စု(၇၀)ဦး၊၅ဧကနှင့် ၁၂.၅ဧကကြားပိုင်ဆိုင်သော အိမ်ထောင်စု (၉၀)စု၊(၁၂.၅)ဧကအထက်ပိုင်ဆိုင်သော လယ်သမား(၅၅)ဦးရှိပြီး ငွေကြေးပိုင်ဆိုင်မှုပေါများကြောင်းနှင့် မြေယာမဲ့(၂၃၅)ဦးသည် လယ်သမားကြီးများအားမှီခိုခံ၍ နေ့စားလုပ်ခြင်း၊ကောက်စိုက်၊ပျိုးနုတ်ခြင်း၊ငါး၊ ဖားရှာဖွေခြင်းလုပ်ငန်းဖြင့် မိသားစုစားဝတ်နေရေးအတွက် လုပ်ကိုင်ကြရကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	ရေရရှိနိုင်မှုလုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၂	ရေလွှဲဆည်	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၃	မြစ်ရေတင်စီမံကိန်း	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၄	ရေသွင်းမြောင်း	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၅	အဝီစိတွင်း	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၆	လက်ဝင်ရေတွင်း	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၇	စိမ့်စမ်းရေ	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၈	ချောင်းရေ	-	တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။။။ ကျွန်တော်တို့ကျေးရွာတွင်မုတ်သုံမိုးကို အားကိုးစိုက်ပျိုးရာဒေသဖြစ်သဖြင့် ရေသွင်း စိုက်ပျိုးခြင်းများ လုံးဝမရှိပါ။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျှမ်းမျှ	မှ	ထိ			
စပါး	၁၆၂၂	၁ ကေ	၃၀	၈၀	၅၀	နယုန်	သီတင်းကျွတ်	မြင့်☐ လတ်☑ နိမ့်☐	မြင့်☐လတ်☐ နိမ့်☑	မြင့်☑လတ်☐ နိမ့်☐
ပဲတီစိမ်း	၁၀၀၀	၁ ကေ	၇	၁၅	၁၀	တန်ဆောင်မုန်း	တပို့တွဲ	မြင့်☐ လတ်☑ နိမ့်☐	မြင့်☐လတ်☑ နိမ့်☐	မြင့်☑လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐လတ်☐ နိမ့်☐	မြင့်☐လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐လတ်☐ နိမ့်☐	မြင့်☐လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐လတ်☐ နိမ့်☐	မြင့်☐လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐လတ်☐ နိမ့်☐	မြင့်☐လတ်☐ နိမ့်☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ကျေးရွာတွင် မိုးစပါးစိုက်ပျိုးရာတွင် မိရိုးဖလာ စိုက်ပျိုးနည်း အတိုင်း ပျိုးထောင်ပျိုးနှုတ် ကောက်စိုက်ခြင်းဖြင့်သာ စိုက်ပျိုးကြပြီး ပျမ်းမျှ(၅၀)တင်းခန့်သာ ထွက်ရှိပါသည်။ ပဲတီစိမ်းစိုက်ပျိုးရာတွင် (၁)ကေလျှင်(၁၀)တင်းခန့် ထွက်ရှိပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူ အရေအတွက်
ထွန်စက်	၅	–	–	–
လက်တွန်းထွန်စက်	၈၀	–	–	–
အစေ့ချကိရိယာ	–	–	–	–
ရိတ်သိမ်းခြွေလှေ့စက်	၆	–	–	–
ရိတ်သိမ်းစက်	၂	–	–	–
ခြွေလှေ့စက်	၂	–	–	–
ရေစုပ်စက်	၆၀	–	–	–
ခြေနင်းရေတင်စက်	–	–	–	–
မြက်ရိတ်စက်	၁၂	–	–	–

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

